# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၂ ) ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်

**မာတိကာစဉ်**


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၂-၅ |
| ၂။ | (၁၃)ကြိမ်မြောက် အာဆီယံဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံ တရားခံလွှဲပြောင်းရေးသဘောတူစာချုပ်အား အာဆီယံအဖွဲ့ဝင်နိုင်ငံများမှဝန်ကြီးများ လက်မှတ်ရေးထိုးခဲ့ခြင်း။ | ၆-၇ |
| ၃။ | တရားခံပြေးမှုများတွင် သက်သေခံပစ္စည်းစီမံခန့်ခွဲခြင်း။ | ၈ - ၁၀ |
| ၄။ | ကမ္ဘာလုံးဆိုင်ရာကလေးသူငယ်ဆင်းရဲနွမ်းပါးမှုနှုန်းမြင့်မားနေကြောင်း UNICEF မှ သတိပေးပြောကြားခဲ့ခြင်း။ | ၁၁-၁၃ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၂ ) ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ သိကောင်းစရာ

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)၌ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေရန်ပုံငွေဘဏ္ဍာရေးစည်းမျဉ်းများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နည်းဥပဒေများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ တို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

ပြည်ထဲရေးဝန်ကြီးဌာနက ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၂၆၂/၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့သော သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၇၂/၂၀၂၄ ဖြင့် သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာနသည် ဥပဒေပုဒ်မ ၅၄၊ ပုဒ်မခွဲ(ခ)အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဤလုပ်ထုံးလုပ်နည်းတွင် သက်သေခံပစ္စည်းများစီမံထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်းကို နည်းလမ်းတကျဆောင်ရွက်နိုင်ရန် ပုံစံ(၇)ခုဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်ကိုတွေ့ရှိရပြီး သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးသို့ သက်သေခံပစ္စည်းအပ်နှံခြင်း၊ တရားစွဲဆိုတင်ပို့ခြင်း

မပြုမီနှင့် တရားစွဲဆိုတင်ပို့ပြီးနောက် သက်သေခံပစ္စည်းများစီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ပြီးနောက် စီမံခန့်ခွဲခြင်း၊ တရားရုံးသို့ တရားစွဲဆိုတင်ပို့နိုင်ခြင်း မရှိသည့် အမှုမှသက်သေခံပစ္စည်းများစီမံခန့်ခွဲခြင်းစသည့် လုပ်ထုံးလုပ်နည်းများကိုအခန်းအလိုက်ခွဲ၍ ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။

တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် ပြစ်မှုတစ်ခုခုဖြင့်သိမ်းဆည်းထားသော သက်သေခံပစ္စည်းများကို သက်ဆိုင်ရာသက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးသို့အပ်နှံရာတွင် ပုံစံ (၁)နှင့် အတူ စာရွက်စာတမ်းအထောက်အထားများဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ကြီးကြပ်ကွပ်ကဲသူအရာရှိသည် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက အထောက်အထားများဖြင့်အပ်နှံသည့် ပုံစံ(၁)ပါသက်သေခံပစ္စည်းများစာရင်းကို ပုံစံ(၂)သက်သေခံပစ္စည်း လက်ခံရရှိသည့် မှတ်ပုံတင်စာအုပ်တွင်ရေးသွင်းပြီး သက်သေခံပစ္စည်းနှင့်အတူ ပုံစံ(၁)မူရင်းအပါအဝင် အထောက်အထားမူရင်းများကို စနစ်တကျ ထိန်းသိမ်းထားရမည်ဖြစ်ကြောင်း ထုတ်ပြန်ထားပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် မရွှေ့မပြောင်းနိုင်သည့်သက်သေခံပစ္စည်း၊ သယ်ယူရွှေ့ပြောင်းရန် ခက်ခဲသောသက်သေခံပစ္စည်းနှင့် ရွှေ့ပြောင်းနိုင်သောသက်သေခံပစ္စည်း (တိရစ္ဆာန်ပါ)ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ပစ္စည်းထိန်းအားတာဝန်ပေးအပ်ရာ၌ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေသက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီ၏ခွင့်ပြုချက်ဖြင့် ပုံစံ(၃)ကတိခံဝန်ချုပ် ချုပ်ဆိုစေ၍ ခေတ္တအပ်နှံရမည်ဖြစ်ကြောင်း ထုတ်ပြန်ထားပါသည်။

သက်သေခံပစ္စည်းများ၏ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူ သို့မဟုတ် ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူဟု ယုံကြည်ရသူအား ခံဝန်ချုပ်ဖြင့်ထိန်းသိမ်းလိုကြောင်း လျှောက်ထားလာသည့်အပေါ်တွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေသက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ခွင့်ပြုချက်ဖြင့် ပုံစံ(၄)ပါ ကတိခံဝန်ချုပ် ချုပ်ဆိုစေ၍ ထိန်းသိမ်းစောင့်ရှောက်ရန်အပ်နှံနိုင်ကြောင်း ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။

သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသို့ လွှဲပြောင်းအပ်နှံရန် ကတိခံဝန်ချုပ်ချုပ်ဆိုပြီး ထိန်းသိမ်းရာ၌လည်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေသက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီ၏ခွင့်ပြုချက်ဖြင့် ပုံစံ (၅) ပါ ကတိခံဝန်ချုပ်ဖြင့် ခေတ္တလွှဲပြောင်းအပ်နှံနိုင်ကြောင်း ထုတ်ပြန်ထားပါသည်။

တရားရုံး သို့မဟုတ် ဥပဒေနှင့်သက်ဆိုင်သည့်ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသောအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းသည် သက်သေခံပစ္စည်းကို လက်ဝယ်ရရှိထိုက်သူအား ပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်ပါက ယင်းအမိန့်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသို့အကြောင်းကြားရမည်ဖြစ်ပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီသည် ယင်းအမိန့်အပေါ် အယူခံ သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရန် ရှိ မရှိ သက်ဆိုင်ရာတရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းသို့ အကြောင်းကြားရမည်ဖြစ်ကာ သက်ဆိုင်ရာတရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းက အယူခံ သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရန်မရှိကြောင်းတင်ပြလာလျှင် သက်သေခံပစ္စည်းများကိုလက်ဝယ်ရရှိထိုက်သူအား ပုံစံ (၆) သက်သေခံပစ္စည်းများပြန်လည်ပေးအပ်ခြင်းပုံစံဖြင့် ဆောလျင်စွာ ပြန်လည်ထုတ်ပေးရမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်ကို သိရှိရပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီသည် တရားရုံးသို့ တရားစွဲဆိုတင်ပို့နိုင်ခြင်းမရှိသည့် အမှုမှသက်သေခံပစ္စည်းများစာရင်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေသက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီသို့ လစဉ် လဆန်း ၅ ရက်အတွင်း တရားရုံးသို့တရားစွဲဆိုတင်ပို့နိုင်ခြင်းမရှိသည့် အမှုမှသက်သေခံပစ္စည်းများစာရင်း ပုံစံ(၇)ဖြင့် တင်ပြရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၂ )　　၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်

သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၃၂ (ဂ)အရ အရေးယူရာတွင်ဖြစ်စေ၊ ဤလုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၂ (ဂ)အရ အရေးယူရာတွင်ဖြစ်စေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီဝင် သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်ခြင်းခံရသူတစ်ဦးဦးက တရားလိုပြုလုပ်တိုင်တန်းရမည်ဖြစ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ အသေးစိတ် လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၂ ) ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်

## (၁၃)ကြိမ်မြောက် အာဆီယံဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံတရားခံလွှဲပြောင်းရေး သဘောတူစာချုပ်အား အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ လက်မှတ်ရေးထိုးခဲ့ခြင်း

ဝန်ကြီးများအစည်းအဝေး (13th ALAWMM )ကို Grand Hyatt Manila၊Taguig City တွင် ၂၀၂၅ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကျင်းပခဲ့ရာ ဗီယက်နမ်နိုင်ငံတရားရေးဝန်ကြီးဌာနမှ တရားရေးဝန်ကြီး ငုယင်ဟိုင်နင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံ(၁၁)နိုင်ငံများမှ တရားရေးဝန်ကြီး/ ရှေ့နေချုပ်များနှင့်အာဆီယံအတွင်းရေးမှူးချုပ်တို့တက်ရောက်ခဲ့ကြပြီး အာဆီယံတရားခံလွှဲပြောင်း ရေးစာချုပ်ကို တရားဝင်လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အာဆီယံတရားခံလွှဲပြောင်းရေးစာချုပ်ရေးဆွဲနိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များပါဝင်သည့် Working Group ကိုဖွဲ့စည်း၍ ၂၀၂၁ ခုနှစ်မှစတင်ကာ ဆွေးနွေး ညှိနှိုင်းမှုများပြုလုပ်ပြီးနောက် သဘောတူစာချုပ်ကို အောင်မြင်စွာလက်မှတ်ရေးထိုးခဲ့ကြပါသည်။ အဆိုပါသဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးခြင်းသည် အာဆီယံဥပဒေနှင့် တရားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏နှစ်ပေါင်း(၄၀) ခရီးစဉ်အတွက် မှတ်တိုင်တစ်ခုဖြစ်ပါသည်။

အဆိုပါသဘောတူညီစာချုပ်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားတရားခံလွှဲပြောင်းရေးတွင် တစ်ပြေးညီသောအခြေခံဥပဒေတစ်ရပ်ကို ဖန်တီးရန်နှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများတိုက်ဖျက် ရေးကို ထိရောက်စွာမြှင့်တင်ရန်၊ တရားဥပဒေစိုးမိုးရေး၊ တရားမျှတမှုရှိရေးတို့ကို မြှင့်တင်ရန်နှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ပါသည်။

ဖိလစ်ပိုင်သမ္မတ Ferdinand R. Marcos Jr.က နယ်စပ်ဖြတ်ကျော်မှုခင်းများတွင် ပြစ်မှု ကျူးလွန်သူများကို လွတ်မြောက်မှုမရှိစေရေးအတွက် အာဆီယံအနေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ် ကြောင်း၊ တရားခံလွှဲပြောင်းခြင်း၊ တရားခံဖမ်းဆီးရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ စာရွက်စာတမ်း များနှင့်အငြင်းပွားမှုဖြေရှင်းနည်းများတွင် ဥပဒေမူသဘောတရားများကို တစ်ပြေးညီဖြစ်စေမည် ဖြစ်ကြောင်း၊ ဥပဒေမဲ့အပြုအမူများကိုတရားစီရင်ရာတွင် အထောက်အကူဖြစ်စေကြောင်း၊

အာဆီယံ၏ဥပဒေစနစ်များသည် ယခင်ကထက်ပိုမို၍ အားကောင်းလာစေမည်ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင်လည်း အာဆီယံအဖွဲ့ဝင်များအားလုံး နယ်စပ်ဖြတ်ကျော်မှုခင်းများကို စည်းလုံးညီညွတ်စွာဖြင့်ပူးပေါင်းဖြေရှင်းရန် လိုအပ်ကြောင်း၊ AI ကို အသုံးပြုပြီး Cyber Crimes နှင့် ပက်သက်၍ ခြိမ်းခြောက်မှုများအတွက် ဥပဒေနှင့်အညီ မျှတစွာဆောင်ရွက်ရန်ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်းအတွင်း အဂတိလိုက်စားမှုများလည်း ပြည်သူများ၏ကိုယ်ကျင့်တရားကို ပျက်စီးမှုဖြစ်ပွားစေကြောင်း၊ အာဆီယံအဖွဲ့နိုင်ငံများအားလုံးနှင့်အတူ ASEAN အား ပိုမိုအားကောင်းပြီး တရားဥပဒေစိုးမိုးရေးနှင့်တရားမျှတမှုဖော်ဆောင်နိုင်ရေးတို့ကို စွမ်းဆောင်နိုင်သည့်အဖွဲ့အစည်းဖြစ်ရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ကို သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- https://vietbao.vn/en/11-nuoc-ky-ket-hiep-dinh-asean-ve-dan-do-572857.html-

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၂ )    ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်

## တရားခံပြေးမှုများတွင် သက်သေခံပစ္စည်းစီမံခန့်ခွဲခြင်း

တရားခံပြေးမှုများမှာ တရားစွဲတင်စဉ်ကပင် တရားခံထွက်ပြေးနေခြင်း၊ အမှုတွင် တရားခံတစ်ချို့ဖမ်းမိပြီး တရားခံတစ်ချို့ထွက်ပြေးခြင်း၊ တရားရုံးတွင်အမှုစစ်ဆေးစဉ် တရားခံ တစ်ချို့ထွက်ပြေးခြင်း၊ အမှုစစ်ဆေးပြီးနောက် အပြီးသတ်အမိန့်မချမှတ်မီ တရားခံထွက်ပြေးခြင်းဖြင့် ထွက်ပြေးသောတရားခံများအပေါ် ရာဇဝတ်အထွေထွေမှုဖွင့်၍ ဆောင်ရွက်ရပါသည်။

ထွက်ပြေးသောတရားခံများနှင့်ပတ်သက်၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂၊ တရားရုံးများလက်စွဲ ၅၁၃ အရ ဆောင်ရွက်ရပါသည်။ တရားခံပြေးမှုများတွင်တင်ပြထားသော သက်သေခံပစ္စည်းစီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ အရ စီမံခန့်ခွဲသည့်အမိန့်ချမှတ်ရသည်ဖြစ်ရာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၃(၁) ပြဋ္ဌာန်းချက်တွင်သင့်သည် ထင်မြင်သည့်အမိန့်ဟုသာသုံးနှုန်းထားပြီး ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသည့်အမိန့်မျိုး မချမှတ်နိုင်ဟု ကန့်သတ်ချက်မျိုးမပါရှိသောကြောင့် တွေ့ရှိရသည့်အခြေအနေကိုထောက်ရှု၍ ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ကြောင်း သင်္ကာမကင်းသည့်ပစ္စည်းကိုအမှုအခြေအနေပေါ်မူတည်၍ တရားရုံးက သင့်လျော်သလိုစီမံခန့်ခွဲခွင့်ရှိမည်ဖြစ်ပါသည်။

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေအရစွဲဆိုမှုတွင် တရားလိုနှင့်တရားခံဘက်သက်သေများကိုစစ်ဆေးပြီးနောက် အပြီးသတ်အမိန့်ချမှတ်မည့်အဆင့်တွင် တရားခံများအားလုံးထွက်ပြေးသဖြင့် ရာဇဝတ်အထွေထွေမှုဖွင့်လှစ်ဆောင်ရွက်ရကြောင်း၊ ယင်းရာဇဝတ်အထွေထွေမှုတွင် ရယူခဲ့သည့်သက်သေခံချက်များမှာ အခြားသောတရားခံပြေးမှုများတွင် တရားခံများမျက်ကွယ်၌ ရယူသည့်သက်သေခံချက်များနှင့်တူညီမှုမရှိဘဲ တရားခံများ၏ရှေ့မှောက်တွင်ရယူခဲ့သည့်သက်သေခံချက်များဖြစ်သောကြောင့် သက်သေခံပစ္စည်းစီမံခန့်ခွဲရာတွင် အလေးထား သုံးသပ်ရမည်ဖြစ်ကြောင်း၊ သက်သေထွက်ဆိုချက်များအရ သက်သေခံယာဉ်ကို အခင်းဖြစ်နေရာတွင် တရားခံများနှင့်အတူ သိမ်းဆည်းရမိခြင်း၊ မှတ်တမ်းဓာတ်ပုံများအရ သက်သေခံယာဉ်ဖြင့် သဲနု၊ သဲကြမ်း၊ ကျောက်များထုတ်ယူခြင်းဖြစ်သဖြင့် ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ကြောင်း သင်္ကာမကင်းသည့်ပစ္စည်းဖြစ်ကြောင်း

ကောက်ယူနိုင်သဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၃(၁)အရ သက်သေခံယာဉ်ကို ပြည်သူ့ဘဏ္ဍာ အဖြစ်သိမ်းဆည်းသည့် တရားရုံးအဆင့်ဆင့်၏အမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် (အထူး အယူခံခုံရုံး)က ဆက်လက်အတည်ပြုခဲ့ကြောင်း သိရှိရပါသည်။

မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၀(က) အရ စွဲဆိုမှုတွင် တရားခံများကို ရွှေတူးဖော်စဉ် သက်သေခံယာဉ်များနှင့်အတူဖမ်းဆီးရမိသဖြင့် ရာဇဝတ်ကြီးမှုဖြင့်လည်းကောင်း၊ ရွှေတူးဖော်ရေး လုပ်ငန်းပိုင်ရှင်တို့မှာထွက်ပြေးနေသဖြင့် ရာဇဝတ်အထွေထွေမှုဖြင့်လည်းကောင်း တရားစွဲတင်ပို့ခဲ့ ကြောင်း၊ ရာဇဝတ်ကြီးမှုတွင် သက်သေခံယာဉ်များကိုရှာဖွေပုံစံဖြင့် သိမ်းဆည်းတင်ပြထားကြောင်း၊ တရားခံများအား မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၀(က) အရ ပြစ်မှုထင်ရှားစီရင်ပြီး သက်သေခံယာဉ် များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်အမိန့်ချမှတ်ထားကြောင်း၊ ရာဇဝတ်အထွေထွေမှုတွင် ထွက်ပြေးတရားခံနှစ်ဦးမှာ ပြစ်မှုယုတ္တိထင်ရှားသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇၊၈၈ထုတ်ဆင့် ထားပါသည်။

ယာဉ်များကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ ယာဉ်ပိုင်ရှင်များက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ပြင်ဆင်မှုတင်သွင်းရာတွင် ဦးထွန်းလှိုင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါ ၂၊ ၁၉၉၁ ခုနှစ်၊ မတစ၊ စာ ၃၃ စီရင်ထုံးပါ တရားခံပြေးမှာ အဓိကကျသည့် တရားခံတစ်ဦးဖြစ်၍ ၎င်းနှင့်ပတ်သက်သမျှသောမှုခင်းမှာစစ်ဆေးစီရင်မှုပြီးဆုံးခြင်းသို့ မရောက်ရှိ သေးဘဲ အမှုစစ်ဆေးဆဲအမှုအဖြစ်သာ ကောက်ယူရမည်ဖြစ်၍ သက်သေခံပစ္စည်းကို ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၅၁၆ အရ စီမံခန့်ခွဲရန်ဖြစ်သည်ဟုဆုံးဖြတ်ချက်ကိုကိုးကား၍ သက်သေခံ ယာဉ်များကို ပြည်သူ့ဘဏ္ဍာသိမ်းဆည်းသည်ကိုပယ်ဖျက်၍ လျှောက်ထားသူယာဉ်ပိုင်ရှင်တို့ထံ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၆-က ဖြင့် ခံဝန်သူများဖြင့် ပြန်လည်ထိန်းသိမ်းခွင့်ပြုသည့်အမိန့် ချမှတ်ခဲ့ပါသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၆-က တွင် တရားရုံးသည် စုံစမ်းစစ်ဆေးမှုဖြစ်စေ၊ စစ်ဆေး စီရင်မှုဖြစ်စေ မပြီးဆုံးမီကာလအတွင်း အဆိုပါပစ္စည်းကို ကောင်းမွန်စွာ ထိန်းသိမ်းထားရန်အတွက်

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၃၂ )    ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်

မိမိသင့်လျော်သည်ထင်သောအမိန့်ချမှတ်နိုင်ကြောင်းပြဋ္ဌာန်းထားခြင်းမှာ တရားရုံးက စုံစမ်းစစ်ဆေးမှု ပြုလုပ်နေစဉ်ကာလအတွင်း အပြီးသတ်အမိန့်မချမှတ်မီ ခေတ္တခဏ ယာယီထိန်းသိမ်းခွင့်ပြုခြင်းအတွက် ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

တရားခံပြေးနှစ်ဦးနှင့်ပတ်သက်၍ ရာဇဝတ်အထွေထွေမှုဖြင့်ဆောင်ရွက်ထားခြင်းမှာ စုံစမ်းစစ်ဆေးမှုဖြင့်ဆောင်ရွက်ခြင်းမဟုတ်ဘဲ တရားစီရင်သောမှုခင်းကိစ္စဖြစ်သောကြောင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၆-က တွင်လည်း အကျုံးမဝင်ပါကြောင်း၊ ရာဇဝတ်ကြီးမှုမှ တရားခံများကို မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၀(က)ဖြင့် ပြစ်မှုထင်ရှားစီရင်ထားကြောင်း၊ သက်သေခံယာဉ်များသည် ရာဇဝတ်ကြီးမှုတွင်တင်ပြထားခြင်းဖြစ်ပြီး တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုကြောင်း ပေါ်ပေါက်သည့်အပြင် မှတ်တမ်းဝင်ယာဉ်များလည်း မဟုတ်ကြောင်း၊ တရားခံပြေးနှစ်ဦးနှင့်ပတ်သက်သမျှ မူလမှုစစ်ဆေးခြင်းသည် ဆုံးခန်းတိုင်ရောက်ရှိခြင်းမရှိသေးဘဲ စစ်ဆေးဆဲအမှုအဖြစ်တည်ရှိနေဆဲဖြစ်၍ သက်သေခံယာဉ်များကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၆-က အရ စီမံခန့်ခွဲရမည်ဖြစ်ကြောင်း ဆုံးဖြတ်ထားသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အမိန့်ကိုပယ်ဖျက်၍ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသည့်အမိန့်မှာ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၄(က) ဖြင့် ညီညွတ်မှုရှိကြောင်း သုံးသပ်ကာ သက်သေခံယာဉ်များကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသည့်အမိန့်အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်(အထူးအယူခံခုံရုံး)က ပြန်လည်အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အမှုလိုက်ဌာနခွဲ

တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

- ၂၀၂၅ ခုနှစ်၊ ရာဇဝတ်အထူးအယူခံမှုအမှတ်-၃
- ၂၀၂၅ ခုနှစ်၊ ရာဇဝတ်အထူးအယူခံမှုအမှတ်-၆ ၊ ၇

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ( ၃ ) အမှတ် ( ၃၂ )    ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်

## ကမ္ဘာလုံးဆိုင်ရာကလေးသူငယ်ဆင်းရဲနွမ်းပါးမှုနှုန်းမြင့်မားနေကြောင်း UNICEF မှ သတိပေးပြောကြားခဲ့ခြင်း

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့ Jurist News သတင်းစဉ်တွင် UNICEF ၏ အစီရင်ခံစာအရ တစ်ကမ္ဘာလုံးရှိ ကလေးသူငယ် ၁၉ ရာခိုင်နှုန်းသည် အလွန်အမင်းဆင်းရဲမွဲတေနေပြီး အများစုမှာ ဆာဟာရအာဖရိကနှင့် တောင်အာရှတို့တွင်ဖြစ်ကြောင်း၊ ကလေးသူငယ်ဆင်းရဲမွဲတေမှုကို ကိုင်တွယ်ဖြေရှင်းရန်နှင့်ကလေးများအတွက် ပိုမိုကောင်းမွန်သောအနာဂတ်ကိုလုံခြုံစေမည့်ထိရောက်သောမူဝါဒများချမှတ်ဆောင်ရွက်ရန် ကမ္ဘာတစ်ဝှမ်းရှိအစိုးရများအား UNICEF က တိုက်တွန်းထားပါသည်။

ကမ္ဘာတစ်ဝှမ်းရှိ ကလေး (၅) ဦးတွင် (၁) ဦးသည် ၃ ဒေါ်လာအောက်ဖြင့် နေထိုင်ကြရပြီး ၉၀ ရာခိုင်နှုန်းနီးပါးသည် ဆာဟာရနှင့် တောင်အာရှနိုင်ငံများ၌ တည်ရှိနေပါကြောင်း၊ ကလေးများ၏ ၂၃ ရာခိုင်နှုန်းသည် ဝင်ငွေနည်းသောအိမ်များတွင်နေထိုင်ရပြီး ဖွံ့ဖြိုးပြီးသောနိုင်ငံများ၌ပင် ကလေးသူငယ်ဆင်းရဲမွဲတေမှုမှာ ဆက်လက်ရှိနေသေးကြောင်း UNICEF မှ ဖော်ပြခဲ့ပါသည်။

အဆိုပါအခြေအနေကြောင့် ကလေးများ၏ကျန်းမာရေးနှင့်ပညာရေးအပေါ် အပျက်သဘောဆောင်သောသက်ရောက်မှုများအပါအဝင် ၎င်းတို့တွင်တစ်သက်တာအတွက် အကျိုးဆက်များရှိနေပြီး နောက်ဆုံးတွင် အလုပ်အကိုင်ရှားပါးလာမှုအလားအလာများနှင့် သက်တမ်းတိုမှုကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့အပြင် ဆင်းရဲမွဲတေမှုသည် ကလေးသူငယ်များ၏ပညာရေး၊ နေထိုင်ရေးနှင့် တစ်ကိုယ်ရည်ကျန်းမာရေးအပါအဝင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်တွင် ပြဋ္ဌာန်းထားသည့် ကလေးသူငယ်တို့၏အခွင့်အရေးများကို အဟန့်အတားဖြစ်စေပါကြောင်း ဖော်ပြခဲ့ပါသည်။

ကလေးသူငယ် ၄၁၇သန်းကျော်သည် ငွေကြေးဆင်းရဲနွမ်းပါးမှုအပြင် ပညာရေး၊ ကျန်းမာရေး၊ အာဟာရ၊ နေထိုင်ရေးနှင့် ရေအပါအဝင် အခြားနယ်ပယ် ၆ ခုတွင် ချို့တဲ့မှုနှင့်ရင်ဆိုင်နေရသည်ဟု UNICEF မှထုတ်ပြန်ထားပြီး ဆာဟာရအာဖရိက၊ တောင်နှင့်အရှေ့အာရှတို့တွင် အမြင့်ဆုံးနှုန်းထားများဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ( ၃ ) အမှတ် ( ၃၂ )　　　　၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်

လက်နက်ကိုင်ပဋိပက္ခများ၊ ရာသီဥတုပြောင်းလဲမှုနှင့် ရန်ပုံငွေပြတ်လပ်မှုများကဲ့သို့သော ပြင်းထန်သည့်အကြပ်အတည်းများကို အစိုးရများမှထိရောက်စွာမဖြေရှင်းပါက ကလေးများ၏ဆင်းရဲမွဲတေမှုနှင့် လူ့အခွင့်အရေးအခြေအနေများပိုမိုဆိုးရွားလာမည်ဖြစ်ကြောင်း UNICEF မှ တင်ပြထားသည်။

UNICEF သည် ကမ္ဘာတစ်ဝှမ်းရှိ ကလေးများ၏ဆင်းရဲမွဲတေမှုကိုလျှော့ချရန် အကြံပြုချက်အစုံအလင်ကို အဆိုပြုခဲ့သည်။ အဆိုပါအချက်များတွင် ကလေးများ၏လိုအပ်ချက်များကို စီးပွားရေးမူဝါဒများနှင့်ဘတ်ဂျက်များတွင် ပေါင်းစည်းခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ ပံ့ပိုးပေးခြင်း၊ အထူးအစီအစဉ်များမှတစ်ဆင့် ကလေးများ၏မရှိမဖြစ်လိုအပ်သောဝန်ဆောင်မှုများ ရရှိရေးတိုးချဲ့ခြင်းနှင့် စီးပွားရေးလုံခြုံမှုကိုတိုးမြှင့်ရန်အတွက် ကလေးများ၏မိသားစုများနှင့် ပြုစုစောင့်ရှောက်ပေးသူများအတွက် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်ရရှိရေးတို့ပါဝင်ပါသည်။

ကုလသမဂ္ဂသည် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများတိုးမြင့်လာခြင်းနှင့် ပဋိပက္ခဒဏ်ခံရသောနိုင်ငံများတွင် ကလေးသူငယ်တို့၏အခွင့်အရေးများကို ချိုးဖောက်မှုများနှင့်ပတ်သက်၍ စိုးရိမ်ကြောင်း ဖော်ပြခဲ့သည်။ ကုလသမဂ္ဂမှ ၂၀၂၅ ခုနှစ် ဇွန်လတွင်ထုတ်ပြန်သည့် နှစ်ပတ်လည်အစီရင်ခံစာတွင် ၂၀၂၄ ခုနှစ်၌ ကမ္ဘာတစ်ဝှမ်းတွင် ကလေးသူငယ်များ၏အခွင့်အရေးများအပေါ် ဆိုးရွားစွာချိုးဖောက်မှုပေါင်း ၄၁၃၇၀ အထိ ကျူးလွန်ခဲ့ကြောင်းတွေ့ရှိရပြီး ကုလသမဂ္ဂ၏မှတ်တမ်းတွင် အမြင့်ဆုံးဖြစ်ကြောင်း ဖော်ပြထားသည်။

ဆင်းရဲနွမ်းပါးသောကလေးသူငယ်များနှင့်လူထုအပေါ် သတ်ဖြတ်မှု၊ လူကုန်ကူးမှုများသည် လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ အရေးအခင်းတစ်ခုသို့ဦးတည်နေကြောင်း ဖော်ပြထား၍ ကလေးသူငယ်၏အခွင့်အရေးများအား ကလေးသူငယ်အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်နှင့်အညီ ပြည်တွင်းဥပဒေများအရ ကာကွယ်စောင့်ရှောက်ခြင်းခံထိုက်သူများဖြစ်ကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- https://www.jurist.org/news/2025/11/unicef-warns-of-high-rates-of-global-child-poverty/

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

